နိုင်းကျေးရွာ

မင်းရွာကျေးရွာအုပ်စု၊ မကွေးမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နိုင်းကျေးရွာ

(မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဖေဖော်ဝါရီလ၊ ၂၀၂၀

## မာတိကာ


**၁။ စကားချီး** ၅

**၂။ သယံဇာတပြမြေပုံ** ၇

**၃။ ရာသီခွင်ပြပြက္ခဒိန်** ၈

**၄။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ** ၉

**၅။ တည်နေရာနှင့် ပထဝီအနေအထား** ၁၀

**၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** ၁၀

**၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

**၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** ၁၅

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၆

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(၄၈) ၁၉

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများ

ဇယား(၂) လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှာခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာသူများ ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှု

ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**၉။စီမံချက်ဆိုင်ရာအဆိုပြုလွှာ(AVIP)** ၇၁

**၁၀။ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း** ၇၃

**၁၀။ကိုးကားစာရင်း** ၇၄

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ခိုင်းကျေးရွာ၏ ကျေးရွာ သူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီး ဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက် အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဖေဖော်ဝါရီလ ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခိုင်းကျေးရွာ

မကွေးမြို့နယ်

၂။ နိုင်းကျေးရွာ၊ သယံဇာတပြမြေပုံ



## ၃။ ခိုင်းကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



၄။ ခိုင်းကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ(Van Diagram)



## ၅။ တည်နေရာနှင့် ပထဝီအနေအထား

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် မင်းရွာကျေးရွာအုပ်စု ခိုင်းကျေးရွာသည် မကွေးမြို့နယ်အဆုံး ဆင်ပေါင်ဝဲမြို့နယ်မြောက်ဘက် (၅)မိုင်ကျော် (၇)ခန့်အကွာတွင် တည်ရှိပြီး မကွေးမြို့မှ မိုင်(၆၀)ကျော် အကွာအဝေးတွင် တည်ရှိပါသည်။ မိကျောင်းရဲ-ဆင်ပေါင်ဝဲ မြေသား ကားလမ်းဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါသည်။ ရွာ၏ တောင်ဘက်တွင် ချောင်းရှိပြီး တောင်ကုန်းတောင်တန်း ထူထပ်ပေါများပါသည်။ ကျေးရွာသည် အပူပိုင်းဒေသဖြစ်သောကြောင်း အပူဒဏ်ခံနိုင်သော နှမ်း၊ မြေပဲ၊ ပဲစင်းငုံ သီးနှံများကို မိုးဦးရာသီတွင် စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် မြေပဲ၊ ပြောင်း သီးနှံ များကို အဓိက ထားစိုက်ပျိုးကြပါသည်။

ရွာတွင်းလမ်းများသည်လည်း မြေသားလမ်းများ ဖြစ်နေသည့်အတွက် မိုးရာသီတွင် သဲထူ ထပ်ခြင်း၊ ချောက်များကျခြင်းများဖြစ်သဖြင့် သွားလာရခက်ခဲခြင်းနှင့် လမ်း အကျယ်မှာ အလွန် ကျဉ်းမြောင်းပါသည်။

## ၆။ ရာသီဥတုနှင့် သဘာဝအနေအထား

ခိုင်းကျေးရွာသည် နွေ၊မိုး၊ဆောင်း ရာသီဥတုရှိပြီး မိုးရာသီတွင် ချောင်းရေကြီးမှုများ ကြုံတွေ့ရပါသည်။ ရွာ၏ တောင်ဘက်မှ ချောင်းကပ်ပြီး စီးဆင်းသောကြောင့် ကမ်းပါးပြိုမှုများ အနည်းငယ်ရှိပြီး ရွာ၏ အနောက်ပိုင်းရှိ အိမ်များတွင် ချောင်းရေဝင်ရောက်မှုရှိပါသည်။ ချောင်းအတွင်းမှ သဲ၊ ကျောက်စရစ်များ များထုတ်ယူပြီး မိုးရာသီတွင် တပိုင်တနိုင်ရွှေကျင်သူများနှင့် နွေရာသီတွင် ကိုင်းအနည်းငယ် စိုက်ပျိုးကြပါသည်။ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြရပြီး သဘာဝမြေသြဇာအဖြစ် တိရိစ္ဆာန် စွန့်ပစ်ပစ္စည်းများကိုသာ အဓိကထားအသုံးပြုကြရပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝအပင်မျိုးစိတ်များ အသင့်အတင့်တွေ့ရှိပြီး အသုံးချနိုင်မှု လွယ်ကူ ပါသည်။

## ၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ခိုင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၈၄)စုရှိပြီး ကျား(၃၈၅)ဦး၊မ(၄၂၂)ဦးဖြင့် လူဦးရေ စုစုပေါင်း(၈၀၇) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးနှုန်း ရှိကြောင်း တွေ့ရှိ ရပါသည်။ကျေးရွာ၏ (၈၀%)သည် အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ပြီး အသက် (၆၅)နှစ် အထက် (၁.၅%)ရှိသဖြင့် သက်တမ်းရှည် နေနိုင်သော ပုဂ္ဂိုလ်များနည်းနေသည်ဟု ယူဆမိပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာလူမျိုးများသာ နေထိုင်ကြပါသည်။

ကျေးရွာတွင် ဆယ်အိမ်မှူး (၁၈)ဦး၊ ရာအိမ်မှူး(၁)ဦး၊ ရွာခွဲတာဝန်ခံ(၁)ဦးပါဝင်သော ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့က ဦးဆောင်လျက် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့(၉)ဦးဖြင့် ဖွဲ့စည်းထားကာ မီးဘေးကာကွယ်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးနှင့် ကျေးရွာသာယာရေးကိစ္စများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ၊ လူငယ်ပရဟိတအဖွဲ့၊ အရန်မီးသတ်အဖွဲ့တို့နှင့် ဆွေးနွေးတိုင်ပင်ကာ ကော်မတီများဖွဲ့စည်း၍ ဌာနဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျေးရွာ ပြည်သူများနှင့် ပူးပေါင်းစီမံခန့်ခွဲ လုပ်ဆောင်လျက်ရှိပါသည်။ ရွာ၏ တောင်ဘက်တွင် ချောင်းရှိပြီး ချောင်းတောင်ဘက်တွင် ဘာသာ သာသနာအတွက် ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံတည်ရှိပါသည်။ ဘုန်းကြီးကျောင်း၏အရှေ့ဘက်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းတည်ရှိပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးဝမ်းမှု အခြေအနေ

ကျေးရွာရှိ ရွာသူရွာသား အများစုမှာ တောင်သူလယ်သမားများဖြစ်၍ ပဲ၊နှမ်း၊ပြောင်း၊ဝါ ရာသီအလိုက်သီးနှံများ စိုက်ပျိုးလုပ်ကိုင် အသက်မွေးမြူကြပါသည်။ တစ်ချို့တောင်သူများမှာ မိုးလေဝသနှင့် မြေဆီလွှာအနေအထားအရ သီးနှံအထွက်နှုန်းလျော့နည်းသောကြောင့် ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ အိမ်ထောင်စု (၁၈၄)စုခန့် ရှိပြီး မိသားစုဝင်များမှ ထဲမှ ပြည်တွင်းရွှေ့ပြောင်းသား (၁၄၇)ဦးခန့်နှင့် ပြည်ပ ရွှေ့ပြောင်းလုပ်သား (၁၉)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ယာမြေများမှာ မြေဆီ၊ မြေဩဇာ အသင့်အတင့်သာကောင်းမွန်သောကြောင့် အထွက်နှုန်းလျော့နည်းပြီး ဝင်ငွေနည်းပါးပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ကားမောင်းခြင်း၊ လက်သမား၊ ပန်းရံ၊ ဈေးရောင်းချခြင်းလုပ်ငန်းများနှင့် ကြက်၊ ဝက်၊ နွားနှင့် ဆိတ်များအားတစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းအဖြစ်သာ တွဲဖက်လုပ်ကိုင်ကြပါသည်။

## (ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာရှိ ရွာသူ/သားများအားလုံးသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ထရားဘာဝနာများပွားများနိုင်ရန် ဓမ္မာရုံကြီးဆောက်လုပ်လှူဒါန်းထားပါသည်။ အခြေခံပညာဖူလတန်းလွန်စာသင်ကျောင်းလည်း တည်ရှိပြီး ပင်မကျောင်းဆောင်(၁) တစ်ဆောင်နှင့် မူလွန်ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။ ကျောင်းဆောင်အတွက် သွပ်မိုးဝါးထရံကာပြီး ကျေးရွာသူ/သားများမှ ဆောက်လုပ်လှူဒါန်းထားပါသည်။ စာကြည့်တိုက်နှင့် အားကစားကွင်းမရှိပါ။ ကျေးရွာ၏ ရွာတွင်းလမ်းအခြေအနေမှာ ချောက်များပေါ်များပြီး ကျေးရွာချင်း ဆက်လမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလတွင် ဗွက်နွံများ၊ ရေချောက်များဖြင့် သွားလာရ ခက်ခဲလျှက်ရှိပါသည်။ ကျေးရွာတွင်လက်နှိပ်တုံတင် (၈၀)တွင်းရှိပြီး ရေလုံလောက်မှု ရှိပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ

ကျေးရွာတွင်ဖွဲ့စည်းထားသော ပရဟိတအဖွဲ့များမှ သင့်တင့်သော အတိုးနှုန်းဖြင့် ငွေချေးရာတွင် လူမှုရေး၊ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေးနှင့် ဘာသာရေး ကိစ္စများ စိုက်ပျိုးရေး အသုံးစရိတ်များအား ကူညီပံ့ပိုးပေးပါသည်။ စိုက်ပျိုးရေးကြိုတင်ချေးငွေများကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးခဲ့ပါသည်။ ချေးငွေကို (၁)လအတိုးနှုန်း (၀.၈)ကျပ်တိုးနှင့် (၁)ကေလျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ကေအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာသူ/သား အများစုသည် အကြောင်းအရင်းမျိုးစုံတို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာ အတွက် ချေးယူကြရပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

## (င) ပညာရေး

ခိုင်းကျေးရွာတွင် ဆရာ/ဆရာမဦးရေ လုံလောက်သော်လည်း စာသင်ကျောင်းဆောင် လိုအပ်လျက်ရှိပါသည်။ ပင်မကျောင်းဆောင်(၁)ဆောင်နှင့် မူလွန်ကျောင်းဆောင်(၁)ဆောင်သာ ရှိပြီး ဆရာ/မ (၈)ဦး ရှိပြီး ဆရာ/မများအတွက် ဝန်ထမ်းအိမ်ရာများ နှင့် ကျောင်းဆောင် ခေတ်မီသော ကျောင်းဆောင်တစ်ဆောင် လိုအပ်နေပါသည်။ အခြေခံပညာအလယ်တန်းကျောင်းရှိပြီး အထက်တန်း နှင့် တက္က သိုလ် ပညာသင်ယူရန် မကွေးမြို့သို့ သွားရောက်သင်ကြားရပါသည်။ အလယ်တန်း ပညာတတ် မြောက်သူ အသင့်အတင့်ရှိပြီး အထက်တန်းပညာနှင့် ဘွဲ့ရပညာတတ် လူငယ်များ လွန်စွာ နည်းပါး သဖြင့် အလယ်တန်းကျောင်းထွက်နှုန်းများကြောင်း တွေ့ရှိရပါသည်။ လူငယ်များသည် အလယ်တန်း ပြီးမြောက်ပါက မိသားစု စီးပွားရေးအရကျောင်းထွက် အလုပ်လုပ် နေရ ကြောင်း တွေ့ရှိ ရပါသည်။

## (စ) ကျန်းမာရေး

ခိုင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ မင်းရွာကျေးရွာအုပ်စု ကျေးလက် ကျန်းမာရေးဌာန မှ အခါအားလျှော်စွာ ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ သက်ကြီးရွယ်အို များတွင် သွေးတိုး၊ ဆီးချိုရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး ရာသီအကူး အပြောင်းတွင် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါ များ ဖြစ်တတ်ပါသည်။ အရေးကြီးပါက ကျေးရွာနှင့် (၆၀)မိုင်ခန့်ကွာဝေးသော မကွေးမြို့နယ် ဆေးရုံကိုသာ အလေးထား နေရကြောင်း တွေ့ရှိရပါသည်။

## (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန် အရန်မီးသတ်တပ်ဖွဲ့များသာ ရှိပါသည်။ သဘာဝအလျှောက်ပေါက်ရောက်နေသော သစ်တောများအား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်

ခြင်း ကျေးရွာအနီး ချောင်းရှိသဖြင့် ရွာကမ်းပါးမပြိုရေး ယာယီရေကာတာ ပြုလုပ် ဆောင်ရွက်ထားရှိပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအနေဖြင့် အချို့အိမ်ထောင်စုများသည် ကိုယ်ပိုင်ယာခင်းများတွင် မီးရှို့၍ မြေသြဇာအဖြစ် အသုံးပြုကြပြီး အချို့သည် မြေကြီးတူး၍ စွန့်ပစ် ကြောင်း တွေ့ရှိရပါသည်။

**(၉) ကျား-မရေးရာ**

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများ စုပေါင်းလုပ်ကိုင်နိုင်သော လုပ်ငန်းများ တန်းတူ လုပ်ကိုင်ကြပြီး လက်သမားပန်းရံ လုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခမရရှိပါ။ ကျေးရွာအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်ခြင်းမရရှိသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဘာသာရေးလုပ်ငန်းများ ပရဟိတလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

| မကွေးမြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ခိုင်းကျေးရွာ ဦးစားပေးအဆင့်သတ်မှတ်ခြင်း | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | ကျေးရွာမှအဆိုပြုသောစီမံချက်များ | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း ရမှတ် | ဦးစားပေး အဆင့် |
| ၁ | ကျေးရွာတွင်းလမ်းများအား မြေနီကျောက်စရစ်ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | |
| ၂ | လျှပ်စစ်မီးလင်းရေး | ၁၀ | ၉ | ၁၀ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉၈ | |
| ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၉ | ၁၀ | ၉ | ၁၀ | ၉ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၉၆ | |
| ၄ | စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း | ၉ | ၉ | ၁၀ | ၉ | ၉ | ၉ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉၅ | |
| ၅ | ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ခြင်း | ၉ | ၈ | ၁၀ | ၁၀ | ၈ | ၁၀ | ၁၀ | ၈ | ၁၀ | ၁၀ | ၉၃ | |
| ၆ | ဆရာ/ဆရာမ နားနေဆောင် တည်ဆောက်ခြင်း | ၈ | ၁၀ | ၉ | ၉ | ၁၀ | ၈ | ၉ | ၁၀ | ၉ | ၁၀ | ၉၂ | |
| ၇ | ကျေးရွာချင်းဆက်လမ်းအား မြေနီကျောက်စရစ်ခင်းခြင်း | ၈ | ၉ | ၉ | ၁၀ | ၉ | ၉ | ၁၀ | ၉ | ၁၀ | ၉ | ၉၂ | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၉ | ၁၀ | ၈ | ၁၀ | ၈ | ၁၀ | ၈ | ၁၀ | ၈ | ၉ | ၉၀ | |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း | ၈ | ၇ | ၁၀ | ၉ | ၉ | ၈ | ၁၀ | ၁၀ | ၁၀ | ၈ | ၈၉ | |
| ၁၀ | ရွာလုံးကျွတ် ယင်လုံအိမ်သာ စနစ်တကျ တည်ဆောက်ခြင်း | ၈ | ၉ | ၉ | ၈ | ၉ | ၉ | ၈ | ၉ | ၉ | ၉ | ၈၇ | |
| ၁၁ | အားကစားကွင်း တည်ဆောက်ခြင်း | ၉ | ၈ | ၉ | ၈ | ၇ | ၉ | ၈ | ၁၀ | ၉ | ၈ | ၈၅ | |
| ၁၂ | ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း | ၉ | ၈ | ၈ | ၉ | ၉ | ၇ | ၉ | ၈ | ၈ | ၉ | ၈၄ | |
| ၁၃ | လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ချေးငွေများရရှိရန် ဆောင်ရွက်ခြင်း | ၉ | ၈ | ၈ | ၇ | ၁၀ | ၉ | ၈ | ၈ | ၇ | ၈ | ၈၂ | |

## မကွေးမြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ခိုင်းကျေးရွာ အချိန်ကာလသတ်မှတ်ချက် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများအား မြေနီကျောက်စရစ်ခင်းခြင်း | ၁ | ✔ | | | | | | | | | | | | |
| ၂ | လျှပ်စစ်မီးလင်းရေး | ၂ | | ✔ | | | | | | | | | | | |
| ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | | | ✔ | | | | | | | | | | |
| ၄ | စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း | ၄ | | | | ✔ | | | | | | | | | |
| ၅ | ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ခြင်း | ၅ | | | | | ✔ | | | | | | | | |
| ၆ | ဆရာ/ဆရာမ နားနေဆောင် တည်ဆောက်ခြင်း | ၆ | | | | | | ✔ | | | | | | | |
| ၇ | ကျေးရွာချင်းဆက်လမ်းအား မြေနီကျောက်စရစ်ခင်းခြင်း | ၇ | | | | | | | ✔ | | | | | | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၈ | | | | | | | | ✔ | | | | | |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာဟောပြောပွဲများ ကျင်းပခြင်း | ၉ | | | | | | | | | ✔ | | | | |
| ၁၀ | ရွာလုံးကျွတ် ယင်လုံအိမ်သာ စနစ်တကျ တည်ဆောက်ခြင်း | ၁၀ | | | | | | | | ✔ | ✔ | ✔ | | | |
| ၁၁ | အားကစားကွင်း တည်ဆောက်ခြင်း | ၁၁ | | | | | | | | | | ✔ | ✔ | | |
| ၁၂ | ကျန်းမာရေးဆိုင်ရာ အသိပညာဟောပြောပွဲများ ကျင်းပခြင်း | ၁၂ | | | | | | | | | | | | ✔ | |
| ၁၃ | လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ချေးငွေများရရှိရန် ဆောင်ရွက်ခြင်း | ၁၃ | | | ✔ | | | | | | | | | | ✔ |

| မကွေးမြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ခိုင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
| ၁ | ကျေးရွာတွင်းလမ်းများ အားမကောင်းခြင်း၊ သွားလာရခက်ခဲခြင်း | မိုးရေများခြင်းကြောင့်ချိုင့်ဝှမ်း၊ ကုန်းဆင်း၊ကုန်းတက်များ ပျက်စီးခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ မြေနီ၊ ကျောက်စရစ်ရရှိခြင်း၊ ရန်ပုံငွေကောက် ယူနိုင်ခြင်း | ငွေကြေးမလုံ လောက်ခြင်း၊နည်း ပညာအားနည်းခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာတွင်း လမ်းများ အားမြေနီလမ်းခင်းခြင်း စီမံချက် |
| ၂ | လျှပ်စစ်မီးမရရှိခြင်း | (၁၁)ကေဗွီလိုင်းနှင့်ဝေးကွာခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း | အိမ်ထောင်စုအလိုက် ရန်ပုံငွေကောက်ခံခြင်း | ငွေကြေးမလုံ လောက်ခြင်း၊နည်း ပညာအားနည်းခြင်း | ကျေးရွာမှလုပ်အားထည့်ဝင်ပေး နိုင်ခြင်း၊ မီးတိုင်များ စိုက်ထူရန် မြေနေရာရှိခြင်း | လျှပ်စစ်မီးလင်းရေး စီမံချက် |
| ၃ | လူငယ်များ ဗဟုသုတ နည်းပါးခြင်း | ဖုန်းအသုံးပြုသူများပေါများပြီး အသိပညာများအား စနစ်တကျအသုံးမချတတ်ခြင်း | စာဖတ်ရန် စိတ်ပါဝင်စား သည့်လူငယ်များရှိခြင်း၊ စာကြည့်တိုက်ဆောက်ရန် မြေနေရာရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | စာကြည့်တိုက်ဆောက် လုပ်ရေးစီမံချက် |
| ၄ | စာသင်ကျောင်းဆောင်မ လုံလောက်ခြင်း | ကျောင်းသားဦးရေများလာခြင်း လက်ရှိစာသင်ဆောင် များ ပျက်စီးယိုယွင်းလာခြင်း | ကျေးရွာသည် ပညာရေး အားအဓိကအားထားခြင်း၊ ကျောင်းဆောက်လုပ်ရန် မြေနေရာရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရေး စီမံချက် |

| မကွေးမြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ခိုင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
| ၅ | ကျန်းမာရေးဌာနမရှိခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း | ကျေးလက်ကျန်းမာရေးဌာနမရှိခြင်း၊ကျန်းမာရေးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | ဆေးခန်းဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ကျေးရွာမှ လုပ်အားထည့်ဝင်နိုင်မှုရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | အလှူရှင် များရှာဖွေခြင်း၊ လွှတ်တော် ကိုယ်စားလှယ် များ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ကျေးလက်ကျန်းမာရေး ဌာနတည်ဆောက်ခြင်း |
| ၆ | ကျောင်းဆရာ/ဆရာမ အိမ်ရာမရရှိခြင်း | ကျေးရွာသည် ဝေးလံသည့် အတွက် ဆရာ/ဆရာမ မမြဲခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင် နိုင်ခြင်း၊ ဆောက်လုပ်ရန် မြေနေရာရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း | ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလှူရှင်များရှာဖွေခြင်း | ကျောင်းဆရာ/မ ဝန်ထမ်း အိမ်ရာတည်ဆောက်ရေး စီမံချက် |
| ၇ | လမ်းများမကောင်းခြင်း၊ သွားလာရခက်ခဲခြင်း | မိုးရေများခြင်းကြောင့်ချိုင့်ဝှမ်း၊ ကုန်းဆင်း၊ကုန်းတက်များ ပျက်စီးခြင်း | ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း၊ မြေနီ၊ ကျောက်စရစ်ရရှိခြင်း | ငွေကြေးမလုံ လောက်ခြင်း၊နည်း ပညာအားနည်းခြင်း | ကျေးလက်လမ်းဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း၊အလှူရှင်များရှာဖွေခြင်း | ကျေးရွာချင်းဆက်လမ်းအား မြေနီကျောက်စရစ်ခင်းခြင်း စီမံချက် |
| ၈ | ပုံမှန်ဝင်ငွေ မရရှိခြင်း | ကျေးရွာတွင်အလုပ်လက်မဲ့ များပြားခြင်း၊ အတတ်ပညာ နည်းပါးခြင်း | အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်များရှိခြင်း | အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင် း | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍အသက်မွေး ဝမ်း ကျောင်းသင်တန်းများ ဖွင့်လှစ် ပေးနိုင်ရေး | အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ် နိုင်ရေး စီမံချက် |
| ၉ | သီးနှံ အထွက်နှုန်းလျော့ နည်းခြင်း၊ မွေးမြူရေး ဆိုင်ရာ လုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ခြင်း မရှိခြင်း | စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဗဟုသုတ နည်းပါးခြင်း | စိတ်ပါဝင်စားသည့် အိမ်ထောင်စုများရှိခြင်း | သက်ဆိုင်ရာဌာနမျာ းနှင့် ချိတ်ဆက်မှု အားနည်းခြင်း | ခသက်ဆိုင်ရာဌာနဆိုင်ရာမျးနှင့် | စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပွဲများကျင်းပခြင်းစီမံချက် |

| မကွေးမြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ခိုင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
| ၁၁ | လူငယ်များ ဗဟုသုတ နည်းပါးခြင်း၊ အချိန်ကို အကျိုးရှိစွာ မသုံးတတ်ခြင်း | ဖုန်းအသုံးပြုသူများပေါ်များပြီး အသိပညာများအားစနစ်တကျ အသုံးမချတတ်ခြင်း | အားကစားလုပ်ရန် စိတ်ပါဝင်စားသည့် လူငယ်များရှိခြင်း၊တည် ဆောက်ရန် မြေနေရာ ရှိခြင်း | နည်းပညာမရှိခြင်း၊ စိတ်ပါဝင်စားမှု နည်းသော ရေးလူကြီး | ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း | အားကစားကွင်း တည်ဆောက်ခြင်းစီမံချက် |
| ၁၂ | ကျန်းမာရေးဆိုင်ရာကိစ္စ များတွင် ဆေးမြီတိုများ အသုံးပြုခြင်း | ကျန်းမာရေးဗဟုတ မရှိခြင်း | အားပေးလှုံ့ဆော်လျှင် စိတ်ပါဝင်စားသည့် အိမ်ထောင်စုများရှိခြင်း | NGO/INGO များ၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | NGO/INGO များ၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ကျန်းမာရေးဆိုင်ရာ အသိပညာပေးပွဲများ ကျင်းပခြင်း စီမံချက် |
| ၁၃ | စိုက်ပျိုးရေး အသုံးစရိတ်များ လုံလောက်မှုမရှိခြင်း | သီးနှံများ အထွက်နှုန်းနည်း၍ ဝင်ငွေရရှိမှု နည်းခြင်း | လုပ်ငန်းများလုပ်ကိုင်ရန် စိတ်ပါဝင်စားသည့် အိမ်ထောင်စုများရှိခြင်း | NGO/INGO များနှင့် ချိတ်ဆက်မှု အားနည်းခြင်း | NGO/INGO များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ချေးငွေများ ရရှိရန် ဆောင်ရွက်ခြင်း စီမံချက် |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၀ | ၄ | ၄ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၈ | ၂၁ | ၄၉ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၂၇ | ၅၆ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၉ | ၃၀ | ၅၉ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၇ | ၂၇၇ | ၅၄၄ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၂ | ၆၃ | ၉၅ |
| **စုစုပေါင်း** | | ၃၈၅ | ၄၂၂ | ၈၀၇ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၈၄ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုစာရင်း ကောက်ယူမှုတွင် အချို့သော မိသားစုဝင်များသည် အိမ်အဆောက်အဦရှိသော်လည်း မိသားစုအားလုံး ရွှေ့ပြောင်းလုပ်ကိုင် စီးပွားရှာသူများ တွေ့ရှိရ၍ မိသားစုစာရင်း အတိအကျ မသိရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၈ | ၁၅၆ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀၆ | ၂၀၂ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၂၅ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၄ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈၀ | ၁၄၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၂၂ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အခိက အလုပ်အကိုင် | | အခိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၁၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၈၀ | ၁၄၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၇ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။မိသားစုဝင်ဦးရေ၊ လုပ်အားအရေအတွက် အတိအကျ မသိရပါ။ အလုပ်အကိုင်အနေအထား ပေါ် မူတည်၍ ရာသီအလိုက် လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။မိုးရာသီအလုပ်များချိန်တွင် လုပ်အားခစျေးနှုန်း မြင့်မားပြီး ကျန်ရာသီချိန်များတွင် ပုံမှန်စျေးနှုန်းမှာ (၁၅၀၀)ကျပ်သာ ရရှိကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၇၄၅.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၃.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | ၁.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၅.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **စုစုပေါင်း** | ၇၆၇ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။လက်ရှိ မိမိတို့လုပ်ကိုင်စားသောက်နေသော ယာ၊ မြေဧက၏ ခန့်မှန်းဧကသာ ဖြစ်ပါသည်။ ပုံစံ(၇)မရှိသေးသော တောင်သူများလည်း ရှိနေပါသေးသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)** |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။သဲ၊ ကျောက်စရစ်များမှာ အသုံးချနိုင်ကြောင်း တွေ့ရှိရပါသည်။ ကျောက်ကြီးများ ထုတ်လုပ်နိုင်ပါသည်။ စီးပွားဖြစ်လုပ်ကိုင်ကြခြင်း မရှိပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၃ | ၆၀ | ၈၅ | ၂၆ |

**ရင်းမြစ် …** (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ယာ၊ မြေကို အဓိကထား၍ လုပ်ကိုင်ကြသော်လည်း ရာသီဥတု မမှန်သောကြောင့် စီးပွားရေး အသင့်အတင့်သာ ရှိပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၁ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၂ | | |

